**"ဃ" ယာဉ်မောင်းလိုင်စင်ရယူရန် ရေးဖြေဖြေဆိုခြင်းအား Online Booking System ဖြင့်ရက်ချိန်း ရယူဆောင်ရွက်ခြင်း**

**ဝန်ဆောင်မှုရယူရန် အခြေခံ လိုအပ်ချက်များ**

ယာဉ်မောင်းလိုင်စင်လျှောက်ထားသူသည် -

(၁) အသက် (၂၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံသား (သို့) ဧည့်နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရသူများဖြစ်ရမည်။

(၃) ရန်ကုန်တိုင်းမှထုတ်ပေးထားသည့် "ခ" ယာဉ်မောင်း လိုင်စင် (၃) နှစ်ပြည့်ပြီး၊ သက်တမ်းရှိ လိုင်စင်ဖြစ်ရမည်။

(၄) အခြား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများ၏ "ခ"ယာဉ်မောင်းလိုင်စင်ဖြစ်ပါက ရန်ကုန်တိုင်းရုံးများတွင် နယ်ဝင် ဆောင်ရွက်ပြီး ရန်ကုန်တိုင်း လိုင်စင်ပြောင်းလဲရရှိပြီးမှ ရယူရမည်။

**ဝန်ဆောင်ခ**

ရေးဖြေတစ်ကြိမ်စစ်ဆေးခ - ၅၀၀ ကျပ်

**လိုအပ်သော စာရွက်စာတမ်းများ**

- "ခ" ယာဉ်မောင်းလိုင်စင် မူရင်းနှင့်မိတ္တူ၊
- နိုင်ငံသားစိစစ်ရေးကတ် မူရင်းနှင့်မိတ္တူ၊
- QR Code ပါသည့် Appointment Letter Printout စာရွက် (သို့) လက်ခံ ရရှိသည့် mail အထောက် အထား (Phone or Tablet or Notebook) တစ်ခုခုဖြင့် တင်ပြနိုင်သည်။

**လျှောက်ထားရန် အဆင့်များ**

အနည်းဆုံး (၃) ရက်မှ အများဆုံး (၃၀) ရက်အထိကြိုတင်ရယူနိုင်ပါသည်။

**အဆင့်(၁)**

- Google Chrome Browser မှတဆင့် https://www.rtad.gov.mm/ website ကိုဝင်ပါ။
- ယာဉ်မောင်းလိုင်စင်ရေးဖြေဖြေဆိုမှုရက်ချိန်း ရယူရန်၏ **လျှောက်ထားသူရန်** နေရာကို Click နှိပ်ပါ။

**အဆင့်(၂)**

- Online Appointment Application Form ပေါ်လာမည်။
- **လာရောက်ဖြေဆိုမည့်ရုံး** နေရာတွင် **တိုင်းဒေသကြီးရုံး(ရန်ကုန်)မြင်သာ** ကို ရွေးချယ်ပါ။
- **လိုင်စင်အမျိုးအစားရွေးချယ်ရန်** နေရာတွင် ဖြေဆိုရယူလိုသည့် လိုင်စင်အမျိုးအစား တစ်ခုကိုရွေးချယ်ပါ။
- **စစ်ဆေးရန်** နေရာကို Click နှိပ်ပါ။

**အဆင့်(၃)**

- မိမိရေးဖြေ ဖြေဆိုမည့်နေ့ရက်၊ လ ကို ရွေး ချယ်ပါ။
- **လာရောက်မည့်အချိန်ရွေးချယ်ရန်** တွင် လာ ရောက်ဖြေဆိုနိုင်မည့် အချိန်တစ်ခု ရွေးချယ်ပါ။

**အဆင့်(၄)**

- **လက်ရှိလိုင်စင်အမှတ်*** နေရာတွင် မိမိယာဉ် မောင်းလိုင်စင်အမှတ်ကို ရိုက်ထည့်ရန်။
- **လက်ရှိလိုင်စင်ထုတ်ပေးသည့်ရုံး** နေရာတွင် မိမိ ယာဉ်မောင်းလိုင်စင် နောက်ဘက်တွင်ရှိသည့် ကတ်အမှတ်၏ ရှေ့ရှိ ရုံးသင်္ကေတအလိုက် ရုံးအမည်ကို ရွေးချယ်ရန်။

**အဆင့် (၅)**

- **စစ်ဆေးမှုမှန်ကန်လျှင်** စစ်ဆေးမှု အောင်မြင်ပါသည်။ အချက်အလက်များစိစစ်၍ လျှောက်ထားပါ စာတမ်း ပေါ်လာပါမည် ။ OK ကို Click နှိပ်ပါ။

- **စစ်ဆေးမှုမမှန်ကန်လျှင်** မှားယွင်းနေပါသည်။ သေချာစိစစ်၍ ပြန်လည်ရွေးချယ်ပါ စာတမ်းပေါ်လာပါမည်။ OK ကို Click နှိပ်ပါ။

**အဆင့် (၆)**

- **လျှောက်ထားသူအချက်အလက်များ Box ပေါ်တွင်** လျှောက်ထားသူ၏အမည်၊နိုင်ငံသား စိစစ်ရေးကတ်အမှတ် ၊ အဖအမည်၊မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများပေါ်လာမည်။

**အဆင့်(၇)**

- **သင်တန်းကျောင်းရွေးချယ်ရန်** နေရာတွင် မိမိ တက်ရောက်ခဲ့သည့် သင်တန်းကျောင်းအမည် စာရင်း ရွေးချယ်ရမည်။
- **အီးမေးလ်လိပ်စာ** နေရာတွင် ရှိလျှင်ဖြည့်စွက်ရမည်။
- **ဆက်သွယ်ရန်ဖုန်းနံပါတ်** နေရာတွင် မိမိ ဖုန်းနံပါတ် ဖြည့်စွက်ပြီး **လျှောက်ထားရန်** နေရာကို Click နှိပ်ပါ။
- I'm not a Robot ကို Click နှိပ်ပါ။ စေခိုင်း သည့်အတိုင်းလုပ်ဆောင်ပါ။ Verify လုပ်ပါ။
- **လျှောက်ထားရန်** နေရာကို Click နှိပ်ပါ။
- **ရက်ချိန်းရယူမှုအောင်မြင်ပါသည်** Box ပေါ် လာပါမည်။

Downlod Appointment Letter Here နေရာကိုClick နှိပ်၍ Appointment Letter, Application Form Instruction ကို Download ဆွဲယူရမည်။ Download ရရှိသည့် .pdf ဖိုင်ပါ Application Form, Appointment Letter တို့အား Print ထုတ် ယူ၍ လိုင်စင် ဖြေဆိုမည့်ရက်တွင် ယူဆောင် လာပါရန် (သို့မဟုတ်) Downlod ရရှိသည့် .pdf ဖိုင်ပါ Application Form, Appointment Letter တို့အား Hand Phone (or) Tablet တစ်ခုခုဖြင့် တင်ပြနိုင်ရမည်။

**ဖြည့်စွက်ချက်**

Online Booking အပြင်တိုင်းဒေသကြီးရုံး (ရန်ကုန်) မြင်သာ Online Booking ဌာနတွင်လည်းရုံးချိန်အတွင်းရက်ချိန်း လာရောက် ရယူနိုင်ပါသည်။

**Website လိပ်စာ**

https://www.rtad.gov.mm/